ND-Burma

# တရားမျှတမှုစာစောင်

## နိုဝင်ဘာလ ၂၀၂၂ ခုနှစ်

**Thematic**

အကြောင်းအရာအလိုက် သုံးသပ်ချက်

**Situation Overview**

အခြေအနေအကျဉ်းချုပ်

# မြန်မာအကြမ်းဖက်စစ်တပ်၏ ပစ်မှတ်ထားခံ အမျိုးသမီးများ



Photo - KIC (https://kicnews.org/)

နိုဝင်ဘာလ ၂၅ရက်နေ့ကို “နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့” အဖြစ် သတ်မှတ်ထားပြီး၊ ထိုနေ့တွင် နိုင်ငံတကာ အသိုင်းအဝန်းများမှ အမျိုးသမီးထုများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများသည် လှုပ်ရှားမှုပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်မှုရပ်တန့်ရန် ဆန္ဒထုတ်ဖော်ကြသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်စေရန် လှုပ်ရှားမှုကို လွန်ခဲ့သည့် ၁၉၈၁ ကတည်းမှ စတင်တောင်းဆိုခဲ့သည်။ သို့သော် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် နေ့ ကုလသမဂ္ဂ၏ ၅၄ ကြိမ်မြောက် အထွေထွေညီလာခံ စည်းဝေးဆုံးဖြတ်ချက်အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် စတင်သတ်မှတ်ခဲ့သည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်း ရှင်း (CEDAW) တွင် အဖွဲ့ဝင်နိုင်ငံများ လိုက်နာလုပ်ဆောင်ရမည့် ဥပဒေပုဒ်မပေါင်း ၃၀ ရှိသည့်အနက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေပုဒ်မပေါင်း ၁ မှ ၁၆ အထိ ရှိသည်။ ဤပဋိညာဉ်စာတမ်း CEDAW တွင်ပါဝင်သော ဥပဒေများကို လေးစားလိုက်နာပြီး အမျိုးသားအဆင့် အရေးယူ ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် သဘောတူ လက်မှတ်ထိုးထားသည့် နိုင်ငံပေါင်း ၁၈၉ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် သဘောတူ လက်မှတ်ထိုးခဲ့သည်။ တကယ်တော့ ထိုစဉ်က မြန်မာနိုင်ငံ၏ လက်တစ်ဆုပ်စာ တိုင်းပြည်အာဏာကို ချုပ်ကိုင်ထားသူများသည် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ပိုမိုရရှိဖို့ရန်အတွက်သာ ရည်ရွယ်လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ အမှန်မှာ မြန်မာနိုင်ငံရှိ တောင်ပေါ် တိုင်းရင်းသားဒေသနှင့် မြေပြန့်ဒေသပါမကျန် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်မှု စသည်ဖြစ်ရပ်များသည် လျော့နည်းပပျောက်သွားခြင်းမရှိခဲ့သည်မှာ အားလုံး အသိပင်ဖြစ်သည်။

ပို၍ အခြေအနေဆိုးလာသည်မှာ အကြမ်းဖက်စစ်တပ်သည် ဖေဖော်ဝါရီ ၁ရက်၊ ၂၀၂၁ ခုနှစ်တိုင်းပြည်အာဏာကို မတရားသိမ်းပိုက်ပြီးနောက် အမျိုးသမီးများအပေါ်ပစ်မှတ်ထားပြီး၊ အကြမ်းဖက်မှု ပုံစံမျိုး

# မြန်မာအကြမ်းဖက်စစ်တပ်၏ ပစ်မှတ်ထားခံ အမျိုးသမီးများ

စုံကို စီမံကိန်းတစ်ခုသဖွယ် ကျူးလွန်လျက်ရှိသည်။ ရှမ်းပြည်နယ် တောင်ပိုင်း အင်းလေးဒေသတွင် အခြေပြုဖွဲ့စည်းထားသော Justice Movement for Community–Innlay ကိုတည်ထောင်သူ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဒေသခံ အမျိုးသမီးခေါင်းဆောင် တစ်ဦးသည် စစ်တပ်အာဏာသိမ်းမှုကို ကန့်ကွက်ဆန္ဒပြမှုဖြင့် ပုဒ်မ ၅၀၅(ည)ဖြင့် မတရား ဖမ်းဝရမ်းထုတ်ခံခဲ့ရသည်။

ကရင်ပြည်နယ် KNU ထိန်းချုပ်နယ်မြေအတွင်းရှိ စစ်ဘေးရှောင်အမျိုးသမီးများအား အကြမ်းဖက်စစ်တပ်မှ ပေါ်တာဆွဲပြီးခါးစားခံအဖြစ် ပြုလုပ်လေ့ရှိကာ၁ဂပိဿာခန့်လေးသော ပစ္စည်းထုပ်များကို အတင်းအဓမ္မထမ်းခိုင်းကြောင်း ကရင်အမျိုးသမီးများအစည်းအရုံး (KWO) မှပြောဆိုထားသည်ကို ၂၀၂၂ခုနှစ် မေလတွင် ရောဝတီသတင်းဌာန၌ ဖော်ပြထားသည်။

ND–Burma အဖွဲ့ဝင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ နံနက် ၁၀း ၃၀ ခန့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာတွင် မသရဖူ (၂၂) နှစ်အား စစ်ထောက်လှမ်းရေးများနှင့် စစ်အုပ်စု လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့ဝင်များမှ သူမအားရပ်တန့်ကာ ဖုန်းကိုစစ်ပြီးနောက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံ မျက်မြင်တစ်ဦးမှ သတင်းပေးပို့ထားသည်။

ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းရှိ ကျေးရွာများသို့ အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုးဝင်ရောက်လာပြီး စိတ်ကျန်းမာရေးမကောင်းသည့် အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံအမျိုးသမီး ၇ ဦးကို အဓမ္မပြု ကျင့်ခဲ့ကြောင်း မြန်မာ့အမျိုးသမီးသမဂ္ဂ သတင်းသုံးသပ်ချက်တွင် ထုတ်ပြန်ထားသည်။

အကြမ်းဖက်စစ်တပ်သည် တိုင်းပြည်အာဏာသိမ်းပြီး ၂၁လ ကြာအတွင်း နိုင်ငံတဝန်းရှိ အမျိုးသမီးပေါင်း ၃၀၀ကျော်ကို နှုတ်ပိတ်သတ်ဖြတ်ခဲ့ကြောင်းကို လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသည့် လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း (မြန်မာ) Free Expression Myanmar (FEM) မှ အောက်မေ့သတိရကြောင်း နိုင်ဝင်ဘာ ၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေငြာထားသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ NUG အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှလည်း အကြမ်းဖက် စစ်အာဏာသိမ်းသည့် ၂၁ လအတွင်းတွင် နိုင်ငံတဝန်း၌ အမျိုးသမီး ၃၇၀ကျော်သေဆုံးခဲ့ရပြီး၊ ၃၃၈၅ ဦး မှာ ဖမ်းဆီးခံထားရကာ ၁၂၇ ဦးမှာ လိင်ပိုင်းဆိုင်ရာ အဓမ္မကျူးလွန်ခြင်းခံခဲ့ရသည်ဟု သတင်းထုတ်ပြန် ထားသည်။

ထို့ကြောင့် ဤကဲ့သို့သော အကြမ်းဖက်စစ်တပ်၏ အမျိုးသမီးများအပေါ် ပစ်မှတ်ထားပြီး ရက်စက်စွာ သတ်ဖြတ်ကျူးလွန်နေမှု များအပါအဝင် မတရားဖမ်းဆီးချုပ်နှောင်မှု၊ မတရားဖမ်းဝရန်းထုတ် တရားစွဲဆိုမှု၊ ညှင်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု စသည်ပြစ်မှုများကို ပြည်သူရွေးကောက် တင်မြှောက်ထားသော ပြည်သူ့အစိုးရ အာဏာပြန်ရလာသည့်အခါ တရားမျှတမှုအတွက် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။



# မြန်မာနိုင်ငံတဝှမ်း လူတစ်သိန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ်လိုအပ်နေသည်။



## ကချင်ပြည်နယ်

ကချင်ပြည်နယ် ဖားကန့်ဒေသတွင် အနန့်ပါဖိုးကြဲမှုအပြီး စစ်ရေးတင်းမာလာနေသည်။ နိုဝင်ဘာလ ၂၃ ရက်နေ့မှစပြီး ဖားကန့်မြို့ အနောက်ဘက်ခြမ်းရှိ ဆိုင်းတောင်၊ ကောင်ဆန့် ကျေးရွာဘက်သို့ စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီတပ်သည် အရပ်သားပြည်သူ ၈၀ ဝန်းကျင်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ထားသည်ဟု သိရသည်။ စစ်ကောင်စီ စစ်ကြောင်းထိုးလာမှုကြောင့် ကျေးရွာ ၅ ခုမှ ဒေသခံပြည်သူများ ၅၀၀ ဝန်းကျင် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး စစ်ရှောင်အကူအညီများလိုအပ်နေကြောင်းသိရသည်။
ထိုနေ့တွင်ပင် ကောင်ဆန့်ကျေးရွာအတွင်း အရပ်သားများစီးနင်းလာသည့် အိမ်စီးကားတစ်စီးကို စစ်ကောင်စီမှ ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



## ကရင်ပြည်နယ်

အမျိုးသမီးအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆ ) ရက်တာလှုပ်ရှားမှုကို ကေအဲန်ယူနယ်မြေတွင်ကျင်းပခဲ့သည်။ စစ်ရေးပစ်မှတ် မဟုတ်သော ထိုင်း–မြန်မာ နယ်စပ်ဘုရားသုံးဆူမြို့ မြောက်ဘက် မိုင် ၂၀ ခန့်အကွာတွင်ရှိသည့်သပြုကျေးရွာ ခဲသတ္တုတူးဖော်ရေးလုပ်ကွက်ကို စစ်ကောင်စီတပ် လေယာဉ် ၂ စီးမှ နိုဝင်ဘာ ၁၆ နံနက်ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်ရာ မိုင်းလုပ်သား ၃ ဦး သေဆုံးသွားခဲ့ပြီး ၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

နိုဝင်ဘာလ ၂၂ ရက်နေ့ မြဝတီတောင်ဘက် ဖလူး–သော့ဘောဘိုး ကားလမ်းပိုင်းတွင် KNLA ပူးပေါင်းအဖွဲ့များရိက္ခာပို့သည့်ယာဉ် စစ်ကောင်စီတပ်မှ ကြားဖြတ် တိုက်ခိုက်သည့်တိုက်ပွဲဖြစ်စဉ်အပြီး KNLA ပူးပေါင်းအဖွဲ့များနှင့် လေးကေကော်မြို့သစ် စစ်ကောင်စီအမြောက်ကုန်းနေရာဘက်တွင် ဆက်လက်၍ တိုက်ပွဲ ဖြစ်ပွားလာနေသည်။

## ကယား (ကရင်နီ) ပြည်နယ်

လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်များအတွင်း အကြမ်းဖက်စစ်တပ်၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးအပါအဝင် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာလ ၁၅ ရက်နေ့၊ ဒီမောဆိုအနောက်ဘက်ခြမ်းရှိ စစ်ဘေးရှောင်များရှိနေသည့်မှုကြိုကျောင်းပေါ်သို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ကလေး (၃)ဦးနှင့် လူကြီး ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများထဲမှ အသက် ၅ နှစ် အရွယ်ကလေးငယ်မှာ ဆေးရုံသွားရာလမ်းတွင် သေဆုံးသွားခဲ့သည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင်လည်း ဒီးမောဆိုမြို့နယ် သေးဆူလဲ ကျေးရွာမှ အသက် ၃၉ နှစ်အရွယ် စစ်ဘေးရှောင်တစ်ဦးသည် မိမိနေေအိမ်အား ပြန်ကြည့်ရာ မြေမြုပ်မိုင်း နင်းမိခဲ့သည်။ ၎င်းသည် ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ရှိ ကျေးရွာ ၉ ရွာကို နိုဝင်ဘာလ  ၇ ရက်နေ့မှ ၁၅ ရက်နေ့အထိ စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းကာ နေအိမ်များကို မီးရှို့သောကြောင့် အိမ်ခြေ ၁၀၀၀ ကျော် ပြာကျခဲ့ရသည်။ ယခုအခါ ဒေသခံများသည် မီးလောင်ပြင်ထဲတွင်ယာယီတဲထိုးကာ ဖြစ်သလိုနေထိုင်နေကြရသည်။ မြစ်ဆုံရွာသည် အိမ်ခြေ ၅၀၀ ကျော်အနက် နေအိမ်ပေါင်း ၄၀၀ခန့် မီးရှို့ခံခဲ့ရသည်။

နိုဝင်ဘာလ ၁၈ရက်နေ့တွင်လည်း အကြမ်းဖက်စစ်တပ်မှ ရွာမီးရှို့မှုကြောင့် အသက် ၈၀ ကျော် အမျိုးသမီးကြီး သေဆုံးခဲ့သလို၊ စစ်ဘေးရှောင်နေစဉ်အတွင်း လက်နက်ကြီးထိမှန်၍ အသက် ၅၀နှစ် အမျိုးသမီးကြီးတစ်ဦး လည်း ထပ်မံသေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းဌာနများ ဖော်ပြထားသည်။



## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်အတွင်း တကျော့ပြန်တိုက်ပွဲများ အပြင်းအထန်ဖြစ်နေရာမှ အာဏာသိမ်း စစ်ကောင်စီတပ်နှင့် အပစ်ရပ်လိုက်ပြီဖြစ်ကြောင်း ရက္ခိုင့်တပ်တော် (AA) ပြော ရေးဆိုခွင့်ရှိသူမှ နိုဝင်ဘာ ၂၆ တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ရခိုင်ပြည်သူများအတွက် လူသားချင်းစာနာထောက်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက်  ယခုလ ၂၄ ရက်မှစ၍ တိုက်ပွဲများရပ်တန့်ကာ အပစ်အခတ်ရပ်စဲထားရန် အလွတ်သဘောတူထားခြင်း ဖြစ်သည်ဟု AA ပြောခွင့်ရ ခိုင်သုခမှ ရခိုင်သတင်းဌာနများဖြစ်သော နိရဉ္စရာနှင့် DMG တို့ကို ပြောဆိုထားသည်။



## ရှမ်းပြည်နယ်

နိုဝင်ဘာလ ၂၆ ရက် နံနက်ပိုင်း သီပေါမြို့နယ် ကုန်းသာရွာတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည့် စစ်ကောင်စီ နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် SSPP/SSAတို့၏ တိုက်ပွဲကြောင့် အနီးပတ်ဝန်း ကျင်မှ ရွာသားများ ၄၀၀ ကျော် စစ်ဘေးတိမ်းရှောင်ခဲ့ရသည်။ စစ်ရှောင်ပြည်သူ ၄၀၀ ကျော်သည် သီပေါမြို့ရှိ ခရစ်ယာန်ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းများနှင့် နီးစပ်ရာဆွေမျိုးအသိများထံသို့ နေထိုင်နေကြရပြီး အရေးပေါ် အကူအညီလိုအပ်လျှက်ရှိသည်။

နိုဂင်ဘာလ ၂၇ ရက်နေ့ ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့ပြင်တစ်နေရာတွင်  ကလေးငယ် (၃) ဦး မိုင်းနင်းမိရာ ၁၅ နှစ်အရွယ်ယောကျာ်းလေး၏ ဦးခေါင်းထိမှန် ဒဏ်ရာပြင်းထန်ခဲ့သည်။




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma